

အင်းလျားစာအုပ်

မိုးမိုး (အင်းလျား)

# ငြိမ်းကိုရှက်ပါ

# ငြိမ်းကိုရှက်ပါ

မိုးမိုး(အင်းလျား)

၁

လောကဓာတ်ခုံတွင် ကိုယ်တိုင် ပါဝင်ဆင်နွှဲခြင်း မရှိဘဲ ပွဲကြည့်ပရိသတ်တစ်ယောက်အဖြစ် ဘေးကနေ ထိုင်ကြည့်ဖူးပါသလား။

***

၂

အငြိမ့်ပွဲ၊ ဇာတ်ပွဲတို့ကို ကြည့်သောအခါ ပါဝင်ကပြသူများနှင့် လူရွှင်တော်များ၊ လူကြမ်းများ စသည်တို့က လူတွေ ဖြစ်တတ်ပျက်တတ်သော ပျော်ရွှင်ဖွယ်၊ ကြေကွဲလွမ်းဆွတ်ဖွယ်၊ သနားကြင်နာဖွယ်၊ ပြက်ရယ်ပြုဖွယ်များကို သဏ္ဌာန်လုပ် သရုပ်တူအောင် ကပြကြလေသည်။ ထိုအခါ ပွဲကြည့်ပရိသတ်တို့သည် သောသောညံအောင် ရယ်ကြ၊ စားကြ၊ မျက်ရည်ထွက်အောင် ငိုကြ ယိုကြ၊ ဒေါသအမျက် ထွက်လိုက်ကြနှင့် ခံစားမှု အမျိုးမျိုးနောက်ကို လိုက်ပါကြလေကုန်၏။ သို့သော် ထိုသူတို့သည် မိမိကိုယ်တိုင် လူ့ဘဝဇာတ်ခုံတွင် အမျိုးမျိုးအဖုံဖုံ ပါဝင်ကကြ နေကြသည့် အဖြစ်ကိုမူ မေ့လျော့၍ နေကြလေသည်။ မိမိတို့ကိုယ်တိုင် အချိုးမကျ အမြီးအမောက်မတဲ့သည့် အဖြစ်တွေကိုမေ့ကာ သူတစ်ပါးကို ရယ်သွမ်းသွေးကြ၏။ မိမိတို့ကိုယ်တိုင် ဆင်းရဲဒုက္ခ ရောက်နေသည့် အဖြစ်ကို သတိမထားမိဘဲ သူတစ်ပါး ဒုက္ခကိုကြည့်ကာ ဝမ်းနည်းပက်လက် ဖြစ်နေကြ၏။ နောက်ဆုံး မိမိကိုယ်တိုင်က ကောက်ကျစ်ယုတ်မာကာ သူတစ်ပါးအပေါ် နှိပ်စက်ကလူပြုမူတတ်သူ ဖြစ်ပါလျက် လူကြမ်းက မင်းသားကို နှိပ်စက်နေပုံကို ကြည့်ကာ ဒေါသတကြီး ဆဲရေးနေသူများပင် ရှိလေသည်။

တကယ်တော့ ထိုသူတွေ၏ အဖြစ်သည်သာ အလွန်တရာ ရယ်ဖွယ်ကောင်း၍ ရှေ့နောက်မညီသော မုန်းတီးရွံရှာဖွယ် ကောင်းလှသော အဖြစ်တွေပင် ဖြစ်လေတော့၏။

***

၃

မည်သူမဆို လူ့ဘဝဇာတ်ခုံတွင် တစ်ထောင့် တစ်နေရာမှ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ကြရစမြဲ ဖြစ်ပါသည်။ လောကကြီးကို စိတ်နာသည်ပဲဖြစ်စေ၊ ဟားတိုက်နေသည်ပဲ ဖြစ်စေ အရွဲ့တိုက်ပြီး ဖြစ်လိုရာ ဖြစ်စေ၊ သဘောပိုက်ကာ နေသည်ပဲဖြစ်စေ တစ်နည်းတစ်ဖုံတော့ ပါဝင်ပတ်သက်နေကြရသည်သာ ဖြစ်ပေသည်။ နေရာကောင်းရကာ စည်းစိမ်ဥစ္စာ ပြည့်ဝချမ်းသာ သူသည်လည်းကောင်း၊ ကံမကောင်း အကြောင်းမလှ၍ လူ့ဘဝ အောက်ဆုံးလွှာတွင် ကျရောက် နေသူပင်လျှင်သောလည်းကောင်း ဘဝဇာတ်လမ်း ဆုံးအောင်တော့ အသုံးတော်ခံ ကြရသည်သာ ဖြစ်ပေသည်။

လူတို့၏ မသိနားမလည်မှု၊ မာန်မာန ထောင်လွှားမှု၊ မနာလို ဝန်တိုမှု၊ ရက်စက်မှု၊ ဖိနှိပ်ချုပ်ချယ်မှု စသော ကြောက်စရာ သဘောထားများ၊ ချစ်ခြင်း၊ သနားခြင်း၊ တွယ်တာခြင်း၊ ကိုယ်ကျိုးစွန့်ခြင်း၊ ဖေးမကူညီခြင်းစသော အရိပ်လက္ခဏာများသည် အံ့ဩဖွယ်ရာ ဒွေးရောယှက်တင်လျက် ရှိကာ ဖြစ်ပျက် ပြောင်းလဲလျက်ရှိသော လူ့ဘဝကြီးတွင် အဆုံးအစမရှိ ပါဝင်ကျင်လည်လျက် ရှိလေသည်။ သို့သော် လူတို့သည် ထိုအကြောင်းခြင်းရာများကို ဆင်ခြင်သုံးသပ်နေရန် ကြာရှည် အချိန်မပေးနိုင်ကြချေ။ မိမိခန္ဓာကိုယ်နှင့် စိတ်အလိုအတိုင်းသာ အဆက်မပြတ် လှုပ်ရှားလျက် ရှိကြလေသည်။

ဤအဖြစ်များကို တွေ့မြင်ကြားသိပြီး ဆင်ခြင်သုံးသပ်မိသူ တစ်ယောက်

သည်ကား လူ့ဘဝတွင် ဘာမျှ အသုံးမဝင်သော လူပိုတစ်ယောက်သာ ဖြစ်ခဲ့လေ၏။

ကံစီမံရာဟု ဆိုကြမြဲ ဖြစ်သော်လည်း လူတို့သည် မိမိဘဝ၏ ပြောင်းလဲတိုးတက်မှုအတွက် အနည်းနှင့်အများ ရုန်းကန်ကြရစမြဲ ဖြစ်၏။ သို့သော် ကံပစ်ချရာ နေရာမှ လူးပ်ရှားရုန်းကန်ရမှု မရှိဘဲ လူတို့၏ အမြီးအမောက် မတဲ့လှသော ဖြစ်ရပ်များကို ဘေးမှနေ၍ အနှစ် နှစ်ဆယ်လုံးလုံး ထိုင်ကြည့်နေခဲ့ရသူ တစ်ဦးကား အမှန်တကယ်ပင် ရှိခဲ့လေသည်။

***